# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## နေပြည်တော်

Sea & Lake Co., Ltd. မှ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ အမှတ် (၃) ရပ်ကွက်၊ ကွင်းအမှတ် ၁၉၉၄- ပြင်၊ မကျီး (ပြင်)၊ ဦးပိုင်အမှတ် N- ၁၈၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့် အပန်းဖြေစခန်းလုပ်ငန်းအတွက် တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ၏

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်**

**(Environmental Compliance Certificate-ECC)**

ရက်စွဲ၊ ၂၀၂၄ ခုနှစ် မတ်လ ၁၄ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၇၆၂ ) ရက်စွဲ ။ ၂၀၂၄ ခုနှစ် ၊ မတ်လ ၁၄ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate – ECC)ကို ထုတ်ပေးလိုက်သည်–

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | – | ဒေါ်သဲနိုးအိမ်<br>Director |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | – | Sea & Lake Co., Ltd.<br>အမှတ် (၉၀)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁– ၅၀၀၁၄၉၊ ၀၁– ၅၀၀၆၃၀၊ ၀၉– ၂၅၄၁၁၅၀၂၅ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | – | ဟိုတယ်နှင့် အပန်းဖြေစခန်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | – | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | – | မြေဧရိယာ (၈၂.၂၀) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | – | ဦးပိုင်အမှတ် N– ၁၈၀၊ မကျီး (ပြင်)၊ ကွင်းအမှတ် ၁၉၉၄– ပြင်၊ အမှတ် (၃) ရပ်ကွက်၊ ချောင်းသာမြို့နယ်ခွဲ၊ ပုသိမ်မြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| (ဆ) | **ECC သက်တမ်း** | – | (၅)နှစ်<br>စတင်ထုတ်ပေးရက် – ၂– ၆– ၂၀၂၃<br>သက်တမ်းကုန်ဆုံးရက် – ၁– ၆– ၂၀၂၈ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ အမျိုးအစား** | – | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ |

(ဈ) **အတည်ပြုအစီရင်ခံစာ** - ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရှောဝတီတိုင်းဒေသကြီး၏ ၂၀- ၄- ၂၀၂၃ ရက်စွဲပါ စာအမှတ်၊ EIA/ ဆန်းစစ်- ၂ (IEE) (၉၁၃/ ၂၀၂၃)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်း ဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါ စည်းကမ်းချက်များအပြင် ဤဝန်ကြီးဌာနမှ အခါအားလျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုမိန့်မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၅။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင် သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**Sea & Lake Co., Ltd. ၏ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ အမှတ် (၃) ရပ်ကွက်၊ ကွင်းအမှတ် ၁၉၉၄- ပြင်၊ မကျီး (ပြင်)၊ ဦးပိုင်အမှတ် N- ၁၈၀ ရှိ မြေဧရိယာ (၈၂.၂၀) ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့် အပန်းဖြေစခန်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Sea & Lake Co., Ltd. မှ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ အမှတ် (၃) ရပ်ကွက်၊ ကွင်းအမှတ် ၁၉၉၄- ပြင်၊ မကျီး (ပြင်)၊ ဦးပိုင်အမှတ် N- ၁၈၀ ရှိ မြေဧရိယာ (၈၂.၂၀) ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့် အပန်းဖြေစခန်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရောဝတီတိုင်းဒေသကြီး၏ ၂၀- ၄- ၂၀၂၃ ရက် စွဲပါ စာအမှတ်၊ EIA/ ဆန်းစစ်- ၂ (IEE) (၉၁၃/ ၂၀၂၃) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဒေါ်သဲနိုးအိမ်၊ Director ၊ Sea & Lake Co., Ltd.၊ အမှတ် (၉၀)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁- ၅၀၀၁၄၉၊ ၀၁ - ၅၀၀၆၃၀၊ ၀၉- ၂၅၄၁၁၅၀၂၅ ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** တည်ဆောက်ရေးကာလတွင် စီမံကိန်းဧရိယာသို့ အလွယ်တကူသွားရောက်နိုင်မည့် ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ဖောက်လုပ်ခြင်း၊ မြေပြင်ရှင်းလင်းခြင်း၊ စီမံကိန်းအတွက် လိုအပ်သည့်လုပ်သားများနှင့် ပစ္စည်းများရှာဖွေစုဆောင်းခြင်း၊ ပစ္စည်းများသယ်ပို့ခြင်းနှင့် အဆောက်အဦဆောက်လုပ်ခြင်းများဆောင်ရွက်ပါသည်။ လုပ်ငန်းလည်ပတ်သည့်ကာလတွင် အခန်းကြိုတင်မှာယူခြင်း၊ ဧည့်သည်များမရောက်မီ အခန်းကြိုတင်ပြင်ဆင်ခြင်း၊ ဧည့်ကြိုကောင်တာတွင် စာရင်းပေးသွင်းခြင်း၊ ဧည့်သည်များအတွက် ဝန်ဆောင်မှုများပေးခြင်း၊ ဧည့်သည်များမပြန်မီ အခန်းစစ်ဆေးခြင်းနှင့် အခန်းသန့်ရှင်းရေးပြုလုပ်ခြင်းတို့ ဆောင်ရွက်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းအတွက် အသုံးပြုသောစက်ပစ္စည်းများမှာ (၁၀) မြင်းကောင်ရေရှိသော ရေတင်စက်၊ (၇.၅) မြင်းကောင်ရေရှိသော ရေတင်စက်၊ (၅) မြင်းကောင်ရေရှိသော ရေတင်စက်၊ (150 KVA) ရှိသော Denyo မီးစက်၊ ၆၀၀၀၀ cc ရှိသော Sino dunk ထရပ်ကား တို့ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားကို ရွှေသောင်ယံ (၁၁ KV) လျှပ်စစ်ဓာတ်အား

လိုင်းမှရယူပြီး 315 KVA ရှိသော ထရန်စဖော်မာတစ်ခုကို အသုံးပြုပါသည်။ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ပါက ၁၅၀ KVA ရှိသော မီးစက် (၂) လုံးကို အသုံးပြု၍ တစ်ရက်လျှင် ဒီဇယ်လောင်စာအသုံးပြုမှုမှာ ၃၂ ဂါလန်ခန့်ရှိပါသည်။ ရေလိုအပ်ချက်အတွက် အနက် (၄၂) ပေ၊ အကျယ် (၃၅) ကေခန့်ရှိသောရေကန်မှတင်ယူ၍ အနည်သန့်စင်သည့်စနစ်ကို အသုံးပြုပြီး ရေဂါလန် ၁၈၀၀၀ ဆန့်သော ရေစည် (၃) ခုထဲသို့ထည့်၍ အသုံးပြုပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ အမှတ် (၃) ရပ်ကွက်၊ ကွင်းအမှတ် ၁၉၉၄- ပြင်၊ မကျီး (ပြင်)၊ ဦးပိုင်အမှတ် N- ၁၈၀ တွင် တည်ရှိပါသည်။


# Sea & Lake Co., Ltd. ၏ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ အမှတ် (၃) ရပ်ကွက်၊ ကွင်းအမှတ် ၁၉၉၄- ပြင်၊ မကျီး (ပြင်)၊ ဦးပိုင်အမှတ် N- ၁၈၀ ရှိ မြေဧရိယာ (၈၂.၂၀) ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့် အပန်းဖြေစခန်းလုပ်ငန်း၏ တည်နေရာပြပုံ



**Sea & Lake Co., Ltd. ၏ ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ အမှတ် (၃) ရပ်ကွက်၊ ကွင်းအမှတ် ၁၉၉၄- ပြင်၊ မကျီး (ပြင်)၊ ဦးပိုင်အမှတ် N- ၁၈၀ ရှိ မြေဧရိယာ (၈၂.၂၀) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့် အပန်းဖြေစခန်းလုပ်ငန်း၏ စီမံကိန်းဖွဲ့စည်းပုံ**



**Sea & Lake Co., Ltd. ၏ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ အမှတ် (၃) ရပ်ကွက်၊ ကွင်းအမှတ် ၁၉၉၄- ပြင်၊ မကျီး (ပြင်)၊ ဦးပိုင်အမှတ် N- ၁၈၀ ရှိ မြေဧရိယာ (၈၂.၂၀) ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့် အပန်းဖြေစခန်းလုပ်ငန်း၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံ**



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းချက်များ၊ အထွေထွေစည်းကမ်းချက်များနှင့် ကန့်သတ်ချက်များ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူမှ ဟိုတယ်နှင့် အပန်းဖြေစခန်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၏ ၂၀- ၄- ၂၀၂၃ ရက်စွဲပါ စာအမှတ်၊ EIA/ ဆန်းစစ်- ၂ (IEE) (၉၁၃/ ၂၀၂၃) ဖြင့် တင်ပြခဲ့သည့် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** တည်ဆောက်ရေးကာလတွင် စီမံကိန်းဧရိယာသို့ အလွယ်တကူသွားရောက်နိုင်မည့် ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ဖောက်လုပ်ခြင်း၊ မြေပြင်ရှင်းလင်းခြင်း၊ စီမံကိန်းအတွက် လိုအပ်သည့်လုပ်သားများနှင့် ပစ္စည်းများရှာဖွေစုဆောင်းခြင်း၊ ပစ္စည်းများသယ်ပို့ခြင်းနှင့် အဆောက်အဦဆောက်လုပ်ခြင်းများဆောင်ရွက်ပါသည်။ လုပ်ငန်းလည်ပတ်သည့်ကာလတွင် အခန်းကြိုတင်မှာယူခြင်း၊ ဧည့်သည်များမရောက်မီ အခန်းကြိုတင်ပြင်ဆင်ခြင်း၊ ဧည့်ကြိုကောင်တာတွင် စာရင်းပေးသွင်းခြင်း၊ ဧည့်သည်များအတွက် ဝန်ဆောင်မှုများပေးခြင်း၊ ဧည့်သည်များမပြန်မီ အခန်းစစ်ဆေးခြင်းနှင့် အခန်းသန့်ရှင်းရေးပြုလုပ်ခြင်းတို့ ဆောင်ရွက်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလနှင့် ပိတ်သိမ်းခြင်းကာလများတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) မြေရှင်းလင်းခြင်းလုပ်ငန်း မစတင်မီ အနီးနားရှိ ဒေသခံပြည်သူများသို့ အသိပေးအကြောင်းကြားရန်၊

(ခခ) မြေစာများသယ်ယူရာတွင် တာပေါ်လင်စ သို့မဟုတ် ပိတ်စိမ်းဇကာပါးများဖြင့် ဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဂဂ) တည်ဆောက်ရေး/ ပိတ်သိမ်းရေးလုပ်ငန်းများအား ညအချိန်ဆောင်ရွက်ခြင်းအား ရှောင်ကြဉ်သွားရန်၊

(ဃဃ) အသုံးပြုမည့် မီးစက်များအား မီးခိုးခေါင်းတိုင် တပ်ဆင်ရန်နှင့် သီးသန့်အခန်းကာရံ၍ အသုံးပြုရန်၊

(ငင) မီးစက်မှ မီးခိုးငွေ့ထွက်ရှိခြင်းအား လျှော့နည်းစေရန် တတ်နိုင်သမျှ အစိုးရသွယ်တန်းပေးသော လျှပ်စစ်ဖြင့်သာ အသုံးပြုရန်နှင့် မီးဖိုချောင်တွင် အမှုန်ထွက်ရှိမှုများသော ထင်းလောင်စာ၊ မီးသွေးလောင်စာအစား အစိုးရလျှပ်စစ်မီးအား အသုံးပြုရန်၊

(စစ) စက်ပစ္စည်းနှင့် မော်တော်ယာဉ်များအား ပုံမှန်စစ်ဆေးရန်နှင့် အရည်အသွေးပြည့်မီသောလောင်စာများကိုသာ အသုံးပြုရန်၊

(ဆဆ) ဆောက်လုပ်ရေးပစ္စည်းသယ်ဆောင်သော ကုန်တင်/ ကုန်ချယာဉ်များအား မြန်နှုန်းသတ်မှတ်၍ အရှိန်လျှော့မောင်းနှင်ရန်၊

(ဇဇ) ဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသော ဘိလပ်မြေနှင့် အခြားဖုန်မှုန့်များထွက်ရှိခြင်းအား လျှော့နည်းစေရန် လေဝင်လေထွက်အားကောင်းသော နေရာများတွင် ပြုလုပ်ခြင်းအား ရှောင်ကြဉ်ရန်နှင့် ပိတ်စိမ်းဇကာပါးများဖြင့် ကာရံအသုံးပြုရန်၊

(ဈဈ) စီမံကိန်းဧရိယာအတွင်းရှိ လုပ်သားများအား Mask (နှာခေါင်းစည်း) များထောက်ပံ့ပေးရန်၊ အခန်းတွင်းတွင် ဂဟေဆော်ခြင်းလုပ်ငန်းဆောင်ရွက်ပါက အခိုးအငွေ့စုပ်ထုတ်ပေးနိုင်သော (Exhaust Fan) များအား တပ်ဆင်ရန်နှင့် ဂဟေဆော်ခြင်းလုပ်သားများ၏ ကျန်းမာရေးအတွက် တစ်ကိုယ်ရည်ကာကွယ်ရေးသုံးပစ္စည်းများ ထောက်ပံ့ခြင်းများ ဆောင်ရွက်ရန်၊

(ညည) Stainless Steel များအား ဂဟေဆော်ရာတွင် အန္တရာယ်ရှိသော Chromium ဓာတ်ပါဝင်သည့် အခိုးအငွေ့များထွက်ရှိခြင်းကြောင့်

Lithium Silicate ဂဟေချောင်း (Lithium Silicate Welding Electrode) များအား အစားထိုးအသုံးပြုရန်။

(၂) လုပ်ငန်းလည်ပတ်သည့်ကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) မီးဖိုချောင်များ၊ မီးစက်များ အသုံးပြုသောနေရာများတွင် လုံလောက်သောအမြင့်ရှိသည့် မီးခိုးခေါင်းတိုင်အား စနစ်တကျတပ်ဆင်ရန်နှင့် သီးသန့်အခန်းကာရံ၍ အသုံးပြုရန်၊

(ခခ) အရည်အသွေးပြည့်မီသော လောင်စာများကိုသာ အသုံးပြုရန်နှင့် စက်ပစ္စည်းနှင့် မော်တော်ယာဉ်အား ပုံမှန်စစ်ဆေးသွားရန်၊

(ဂဂ) လိုအပ်ပါက စီမံကိန်းဧရိယာအတွင်းရှိ လုပ်သားများအား Mask (နှာခေါင်းစည်း) များထောက်ပံ့ပေးရန်၊

(ဃဃ) သယ်ယူပို့ဆောင်ရေးယာဉ်များအား အမြန်နှုန်းသတ်မှတ်မောင်းနှင်ရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား လိုက်နာသွားရန်၊

(ငင) စိုက်ပျိုးမြေများတွင် မြေယာများပြုပြင်ခြင်းမှ ဖုန်မှုန့်ထွက်ရှိမှုကို နည်းပါးစေရန် ရေဖျန်းခြင်းများ ဆောင်ရွက်ရန်၊

(စစ) နေ့စဉ်အသုံးပြုသော စီမံကိန်းနှင့် အနီးဝန်းကျင်ရှိလမ်းများအား ဖုန်မှုန့်ထွက်ရှိမှုလျော့နည်းစေရန်အတွက် ရေဖျန်းခြင်းတို့ကို ဆောင်ရွက်ရန်။

(ဃ) **ဆူညံသံနှင့် တုန်ခါခြင်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) လုပ်ငန်းတည်ဆောက်ခြင်းနှင့် ပိတ်သိမ်းခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) တည်ဆောက်ရေးနှင့် ပိတ်သိမ်းရေးများအား ညအချိန်တွင် ဆောင်ရွက်ခြင်းကို ရှောင်ရှားရန်၊

(ခခ) မီးစက်များအား အသံလုံမှုရှိစေရန် သီးသန့်အခန်းကာရံ၍ အသုံးပြုသွားရန်၊

(ဂဂ) အသံဆူညံမှုနည်းသောစက်ပစ္စည်းများကို အစားထိုးအသုံးပြုရန်နှင့်အသုံးမပြုသောစက်ပစ္စည်းများ၊ စက်ယန္တရားများကို ပိတ်ထားခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဃဃ) စက်ပစ္စည်းနှင့် စက်ယန္တရားများအား တစ်ပြိုင်တည်း၊ တစ်ချိန်တည်းတွင်အသုံးမပြုဘဲ အလှည့်ကျအသုံးပြုစေရန်နှင့် ပုံမှန်စစ်ဆေးပြီးလိုအပ်ပါက ပြုပြင်စေရန်၊

(ငင) အသံဆူညံမှုနှင့် တုန်ခါမှုနည်းပါးစေရန် ယာဉ်များနှင့် စက်ယန္တရားများအသုံးပြုရာတွင် အရှိန်လျှော့မောင်းနှင်စေရန်၊

(စစ) အလုပ်သမားများအား အသံဆူညံသောနေရာများတွင် နားအကာအကွယ်နားကြပ်များ ဝတ်ဆင်စေရန်။

(၂) လုပ်ငန်းလည်ပတ်ကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) အသုံးပြုမည့်မီးစက်များအား အသံဆူညံမှုနည်းသော စက်ပစ္စည်းများကို အသုံးပြုရန်နှင့် အသံဆူညံမှုနည်းသော စက်ပစ္စည်းများကို အစားထိုးအသုံးပြုစေရန်၊

(ခခ) စက်ပစ္စည်းကိရိယာများကို ပုံမှန်စစ်ဆေးရန်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းများပြုလုပ်ရန်၊ လိုအပ်လျှင် အသစ်လဲလှယ်ရန်၊

(ဂဂ) ဆူညံသံများသောနေရာများဖြစ်သည့် လုပ်ငန်းလည်ပတ်သည့်နေရာများနှင့် မီးစက်အနီးရှိဝန်ထမ်းများအား နားအကာအကွယ်ပစ္စည်းများ တပ်ဆင်၍ လုပ်ကိုင်စေရန်၊

(ဃဃ) အသုံးမပြုသော စက်ပစ္စည်းများ၊ စက်ယန္တရားများကို ပိတ်ထားရန်နှင့် သယ်ယူပို့ဆောင်ရေးယာဉ်များအား စီမံကိန်းဧရိယာအနီးတွင် မလိုအပ်ဘဲ ဟွန်းတီးခြင်းအား ရှောင်ကြဉ်ရန်၊

(ငင) ရုံးသုံးကားများနှင့် စီမံကိန်းဧရိယာသို့လာရောက်သော ဧည့်သည်များ၏ ယာဉ်များအား အမြန်နှုန်းသတ်မှတ်မောင်းနှင်ရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား လိုက်နာစေရန်၊

(စစ) စက်ပစ္စည်းနှင့် စက်ယန္တရားများအား တစ်ပြိုင်တည်း၊ တစ်ချိန်တည်းတွင် အသုံးမပြုဘဲ အလှည့်ကျအသုံးပြုစေရန်။

(င) **ရေအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းတည်ဆောက်ခြင်းနှင့် ပိတ်သိမ်းခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) တည်ဆောက်ရေးလုပ်ငန်းများမှ ထွက်ရှိသောစွန့်ပစ်ရေဆိုးများအား စနစ်တကျစွန့်ပစ်ရန်၊

(ခခ) အသုံးပြုသော စက်ကိရိယာများကို မြစ်၊ ချောင်း၊ မြောင်းအနီးတွင် ဆေးကြောခြင်းများ မပြုလုပ်စေရေးနှင့် အဆောက်အဦတည်ဆောက်ရာတွင်လည်း ဘိလပ်မြေနှင့် ဆက်စပ်ပစ္စည်းများ ပါဝင်သောရေများအား အနီးရှိရေထွက်အတွင်းသို့ စီးဆင်းမှုမရှိစေရေး ဆောင်ရွက်ရန်၊

(ဂဂ) လုပ်သားများအသုံးပြုခြင်းမှထွက်ရှိသော စွန့်ပစ်ရေနှင့် မီးဖိုဆောင်မှထွက်ရှိသော စွန့်ပစ်ရေများတွင် ဆပ်ပြာနှင့်အဆီအညစ်အကြေးများ ပါဝင်သောကြောင့် ပမာဏများလျှင် ရေစစ်ကန်ပြုလုပ်၍ စနစ်တကျစွန့်ပစ်ရန်နှင့် ရေထုအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်းအား ရှောင်ကြဉ်စေရန်၊

(ဃဃ) မိလ္လာကန်များမှ ရေဆိုးများအား စိမ့်ထွက်မှုမရှိစေရေး ဆောင်ရွက်ရန်၊

(ငင) လောင်စာဆီနှင့် အခြားစွန့်ပစ်အမှိုက်များအား စနစ်တကျစွန့်ပစ်ရန်။

(၂) လုပ်ငန်းလည်ပတ်ကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) ဟိုတယ်အခန်းများမှ စွန့်ပစ်ရေများကို စနစ်တကျသန့်စင်ပြီးမှသာ စွန့်ထုတ်ရန်၊

(ခခ) စီမံကိန်းဧရိယာအတွင်း အပန်းဖြေနေရာများတွင် သင့်လျော်သော ရေမြောင်းစနစ်များထားရှိပြီး ရေစီးရေလာကောင်းအောင် ဆောင်ရွက်ရန်၊

(ဂဂ) လုပ်သားများမှ ထွက်ရှိသော အိမ်သုံးစွန့်ပစ်ရေဆိုးများအား စနစ်တကျစွန့်ပစ်ရန်နှင့် အနီးရှိရေထုအတွင်း တိုက်ရိုက်စွန့်ပစ်ခြင်းအား ရှောင်ကြဉ်ရန်၊

(ဃဃ) မိလ္လာကန်များမှ ရေဆိုးများအား ပြင်ပသို့စီးဆင်းမှုမရှိစေရေး ဆောင်ရွက်သွားရန်နှင့် လောင်စာဆီများနှင့် အခြားစွန့်ပစ်ရေဆိုးများအား ယိုဖိတ်မှုမရှိစေရေး စနစ်တကျထားရှိရန်၊

(ငင) စီမံကိန်းဧရိယာအတွင်း ထွက်ရှိမည့်ရေဆိုးများအား ရေဆိုးသန့်စင်ကန်တည်ဆောက်၍ စနစ်တကျသန့်စင်ပြီးမှသာ စွန့်ပစ်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းတည်ဆောက်ခြင်းနှင့် ပိတ်သိမ်းခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) တည်ဆောက်ရေးလုပ်ငန်းများမှ ထွက်ရှိသော အမှိုက်စို၊ အမှိုက်ခြောက်၊ အန္တရာယ်ရှိစွန့်ပစ်အမှိုက်ဟူ၍ စနစ်တကျခွဲခြားစွန့်ပစ်ရန်နှင့် ရေထုအတွင်းသို့ အမှိုက်များစွန့်ပစ်ခြင်းအား ရှောင်ကြဉ်ရန်၊

(ခခ) စီမံကိန်းဧရိယာအတွင်း အမှိုက်ပုံးများလုံလောက်စွာ ထားရှိသွားရန်နှင့် ပြန်လည်အသုံးပြု၍ရသောစွန့်ပစ်အမှိုက်များအား ပြန်လည်အသုံးပြုခြင်းနှင့် ရောင်းချခြင်းတို့ဆောင်ရွက်ရန်၊

(ဂဂ) စီမံကိန်းဧရိယာအတွင်း အမှိုက်စွန့်ပစ်သည့်နေရာ သတ်မှတ်၍ အကာအရံများဖြင့်ဆောင်ရွက်ထားရှိရန်၊ စွန့်ပစ်အမှိုက်များအား သတ်မှတ်ထားသော စွန့်ပစ်ကန်များတွင် နေ့စဉ်သွားရောက်စွန့်ပစ်ရန်၊

(ဃဃ) အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများကို ကိုင်တွယ်သည့်အခါ တစ်ခါသုံး လက်အိတ်များဖြင့် ကိုင်တွယ်အသုံးပြုစေရန်၊ လောင်စာဆီ ဘူးခွံများအား စနစ်တကျစွန့်ပစ်ခြင်း သို့မဟုတ် ဆေးကြော သန့်စင်၍ ပြန်လည်ရောင်းချအသုံးပြုခြင်းတို့ကို လုပ်ဆောင်ရန်။

(၂) လုပ်ငန်းလည်ပတ်သည့်ကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) စွန့်ပစ်အမှိုက်များအား အမှိုက်စို၊ အမှိုက်ခြောက်၊ အန္တရာယ်ရှိ စွန့်ပစ်အမှိုက်ဟူ၍ စနစ်တကျခွဲခြားစွန့်ပစ်ရန်၊

(ခခ) ရေထုအတွင်းအမှိုက်များ စွန့်ပစ်ခြင်းအား ရှောင်ကြဉ်ရန်နှင့် စွန့်ပစ်အမှိုက်များအား သတ်မှတ်ထားသော အမှိုက်ကန်တွင် နေ့စဉ်သွားရောက်စွန့်ပစ်ရန်၊

(ဂဂ) လျှပ်စစ်မီးသီး၊ မီးလုံးအဟောင်းများ၊ လျှပ်စစ်ပစ္စည်းအပိုင်း အစများနှင့် သံအကျိုးအပဲ့များ စသည်တို့အား စနစ်တကျထုပ် ပိုးပြီး ခွဲခြားစွန့်ပစ်သွားရန်၊ ပြန်လည်အသုံးပြု၍ရသော စွန့်ပစ် အမှိုက်များအား ပြန်လည်အသုံးပြုရန်၊

(ဃဃ) လောင်စာဆီဘူးခွံများအား စနစ်တကျစွန့်ပစ်ခြင်း (သို့မဟုတ်) ဆေးကြောသန့်စင်၍ ပြန်လည်ရောင်ချအသုံးပြုခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ပိုးသတ်ဆေးဘူးခွံများ၊ ဓာတုဆေးဝါးဆိုင်ရာ အိတ်ခွံနှင့် ဘူးခွံများအား စနစ်တကျစွန့်ပစ်သွားရန်။

(ဆ) **စိုထိုင်းမှုစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ဟိုတယ်အခန်းများတွင် အခန်းတွင်းလေထုအရည်အသွေးနှင့် စိုထိုင်းစကို ပုံမှန်တိုင်းတာသွားရန်နှင့် လေဝင်လေထွက်ကောင်းမွန်ရေး ဆောင်ရွက်ထား ရှိရန်၊

(၂) အလင်းရောင်ကောင်းမွန်စွာရရှိရေး ဆောင်ရွက်ရန်၊

(၃) အခန်းတွင်း ရေများ ယိုစိမ့်မှု ရှိ/ မရှိ စစ်ဆေးရန်နှင့် အပူချိန်မျှတမှု ရှိ/ မရှိ စစ် ဆေးရန်၊

(၄) သန့်ရှင်းရေးပုံမှန်ပြုလုပ်ပေးခြင်းနှင့် လက်ဆေးသည့်နေရာ၊ မီးဖိုဆောင် အခန်း၊ သန့်စင်ခန်းများတွင် လျှင်မြန်စွာခြောက်သွေ့မှုရှိစေရေး ဆောင်ရွက်ရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းတည်ဆောက်ခြင်းနှင့် ပိတ်သိမ်းခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) လုပ်သားများအား မလိုအပ်ဘဲ အပင်များကို ဖြတ်ခြင်း၊ နှုတ်ခြင်းနှင့် မီးရှို့ခြင်းများ ပြုလုပ်ခြင်းကို တားမြစ်ရန်၊

(ခခ) မြေရှင်းလင်းခြင်းမှထွက်ရှိလာသော ခြုံနွယ်အမှိုက်များ၊ လုပ်သားများစားသောက်ခြင်းမှ ထွက်ရှိလာသော စွန့်ပစ်အမှိုက်များအား အနီးရှိချောင်း၊ မြောင်းအတွင်းသို့ စွန့်ပစ်ခြင်းအား ရှောင်ကြဉ်ရန်၊

(ဂဂ) အသံဆူညံခြင်းကြောင့် တိရစ္ဆာန်များထိခိုက်မှုမရှိစေရေး အသုံးပြုသောစက်ပစ္စည်းများအား ပုံမှန်ထိန်းသိမ်းပေးရန်နှင့် အသုံးမပြုသောစက်ပစ္စည်းများကို ပိတ်ထားရန်၊

(ဃဃ) စက်ပစ္စည်းများနှင့် စက်ယန္တရားများအား တစ်ပြိုင်တည်း၊ တစ်ချိန်တည်းတွင် အသုံးမပြုဘဲ အလှည့်ကျအသုံးပြုစေခြင်းနှင့် အချိန်သတ်မှတ်ဆောင်ရွက်ခြင်းတို့ပြုလုပ်ရန်၊

(ငင) စီမံကိန်းဧရိယာအတွင်း အမဲလိုက်ခြင်း၊ ငှက်ပစ်ခြင်းများကို တားမြစ်ရန်၊ စီမံကိန်းတည်နေရာတွင် အပင်ကြီးများရှိပါက ငှက်များနေထိုင်နိုင်ရန် အသိုက်များ၊ ငှက်အိမ်ကလေးများ ချိတ်ဆွဲစီစဉ်ပေးခြင်းတို့ လုပ်ဆောင်ရန်။

(၂) လုပ်ငန်းလည်ပတ်သည့်ကာလတွင် အောက်ပါအတိုင်းလိုက်နာ ဆောင်ရွက်ရမည်-

(ကက) စီမံကိန်းအနီးရှိ ဒီရေတောအား ခုတ်ထွင်ရှင်းလင်းခြင်းအား ရှောင်

ကြည့်ရန်နှင့် ဒီရေတောစိုက်ပျိုးရေး၊ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်သွားရန်၊

(ခခ) ဝန်ထမ်းများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာများကို ဝေမျှသွားရန်၊

(ဂဂ) စီမံကိန်းအနီးရှိ ဒီရေတောများအတွင်းသို့ စွန့်ပစ်အမှိုက်နှင့် အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ခြင်းအား ရှောက်ကြည့်ရန်နှင့် စွန့်ပစ်အမှိုက်များအား သဘာဝရေအရင်းအမြစ်နှင့် မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်းအား ရှောင်ကြည်ရန်၊

(ဃဃ) ဆူညံသံများသော/ လွှန်ကဲသော အသံပြုလုပ်ဆောင်ရွက်မည်ဆိုပါက အချိန်ကာလသတ်မှတ်၍ ဆောင်ရွက်ရန် (ဥပမာ- ငှက်မျိုးစိတ်များအိပ်တန်းတက်သော ညနေစောင်းကာလများတွင် ဆူညံသံဖြစ်ပေါ်စေသော လုပ်ငန်းများအားရှောင်ကြည်ခြင်း) နှင့် ဆူညံသံများသော မီးစက်များအား အခန်းဖွဲ့၍ ထားရှိအသုံးပြုသွားရန်၊

(ငင) တရားမဝင်ငှက်ပစ်ခြင်း၊ ချောင်းအတွင်းမှ ငါးဖမ်းခြင်းအား တားမြစ်သွားရန်၊ မလိုအပ်ဘဲ စီမံကိန်းဧရိယာအတွင်းရှိ အပင်များခုတ်ထွင်ခြင်းအား မပြုလုပ်ခြင်းနှင့် စီမံကိန်းတည်နေရာ၌ အရိပ်ရအပင်ကြီးများ စိုက်ပျိုးသွားရန်၊

(စစ) စီမံကိန်းတည်နေရာတွင် အပင်ကြီးများရှိပါက ဖြစ်နိုင်လျှင် ငှက်များနေထိုင်နိုင်ရန် အသိုက်များ၊ ငှက်အိမ်ကလေးများ ချိတ်ဆွဲစီစဉ်ပေးရန်။

(ဈ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) လုပ်ငန်းတည်ဆောက်ခြင်းနှင့် ပိတ်သိမ်းခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) လုပ်ငန်းများလုပ်ဆောင်သည့်အခါ စက်ယန္တရားများနှင့် မထိခိုက်

စေရန် ရောင်ပြန်အင်္ကျီ၊ ဦးထုပ်များ ဝတ်ဆင်ခြင်း၊ လုပ်ငန်းသုံးကိရိယာများဖြင့် ထိခိုက်မှုမရှိစေရန် လက်အိတ်များကို ဝတ်ဆင်စေခြင်းနှင့် ခြေရှည်ဖိနပ်များကို ဝတ်ဆင်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(ခခ) အမှုန်လွင့်ပျံမှုများသောနေရာများတွင် နှာခေါင်းစည်းများ တပ်ဆင်ရန်၊

(ဂဂ) လုပ်သားများနားနေရန်အတွက် အဆောင်များဆောက်လုပ်ထားရှိပြီး ရေနှင့်ဓာတ်ဆားများထောက်ပံ့ပေးရန်၊

(ဃဃ) ကုန်ပစ္စည်းသယ်ယူရာတွင် သယ်ယူမှုမှန်ကန်စေရေး သင်ပြပေးခြင်း၊ အရွယ်ရောက်လုပ်သားတစ်ယောက်လျှင် ၅၀ ကီလိုဂရမ်ထက်ပို၍ မသယ်ယူစေခြင်းနှင့် လုပ်သားနှင့် ဝန်အားမျှတစေရန် စီမံဆောင်ရွက်သွားရန်၊

(ငင) ထိခိုက်နိုင်သော ပစ္စည်းများကို သယ်ယူပါက လက်အိတ်များနှင့် ပခုံးအကာအကွယ် တစ်ခုခုသုံး၍ သယ်ယူစေရန်၊

(စစ) ဆောက်လုပ်ရေးပစ္စည်းများသယ်ယူမည့်လမ်းကြောင်း၊ အဆောက်အဦဆောက်လုပ်မည့်နေရာများကို ပြေပြစ်မှုရှိစေရန်၊ မြေညီညာမှုရှိစေရန်အတွက် ပြုပြင်ထားရန်၊

(ဆဆ) ငလျင်၊ မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ခြေကို သိရှိရန်အတွက် မိုးလေဝသသတင်းများအား စဉ်ဆက်မပြတ် နားထောင်ခြင်းနှင့် မုန်တိုင်းတိုက်နေစဉ်၊ မိုးခြိမ်းနေစဉ် အလုပ်လုပ်ကိုင်ခြင်းမှ ရှောင်ကြဉ်စေရန်၊

(ဇဇ) ထိခိုက်ဒဏ်ရာများအတွက် လိုအပ်သောဆေးပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် အရေးပေါ်အခြေအနေအတွက် နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်ရန်အတွက် စီစဉ်ထားရှိခြင်းတို့ကို လုပ်ဆောင်ရန်။

(၂) လုပ်ငန်းလည်ပတ်သည့်ကာလတွင် တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) ဝန်ထမ်းများမှ ထိခိုက်နိုင်သောပစ္စည်းများကို သယ်ယူပါက လက်အိတ်များနှင့် ပခုံးအကာအကွယ်တစ်ခုခုသုံး၍ သယ်ယူစေရန်၊

(ခခ) လုပ်ငန်းများလုပ်ဆောင်သည့်အခါ စက်ယန္တရားများ မထိခိုက်မိစေရန် ရောင်ပြန်အင်္ကျီ၊ ဦးထုပ်များ ဝတ်ဆင်စေရန်နှင့် လုပ်ငန်းသုံးစက်ကိရိယာများဖြင့် ထိခိုက်မှုမရှိစေရန်အတွက် တစ်ကိုယ်ရည်သုံးကာကွယ်ရေးပစ္စည်းများကို ဝတ်ဆင်၍ ဆောင်ရွက်ရန်၊

(ဂဂ) ကောင်းကင်ကြိုးတံတားဝန်ဆောင်မှုနေရာတွင် ကျွမ်းကျင်လုပ်သားများကိုသာ တာဝန်ပေး၍ လုပ်ကိုင်စေရန်၊ ကောင်းကင်ကြိုးတံတားခိုင်ခံ့မှုရှိစေရန် အလေးပေးဆောင်ရွက်ရန်နှင့် အန္တရာယ်ကင်းရှင်းရေးပစ္စည်းများအား စနစ်တကျဝတ်ဆင်စေရန်၊

(ဃဃ) ဒီရေတောလျှောက်လမ်းအား ကြံ့ခိုင်မှု ရှိ/မရှိ အမြဲစစ်ဆေးရန်၊ အန္တရာယ်သတိပေးဆိုင်းဘုတ်များထားရှိရန်နှင့် ရေကူးကန်အား ပုံမှန်သန့်ရှင်းရေးပြုလုပ်ရန်၊

(ငင) ဘေးအန္တရာယ်ကင်းရှင်းရေးအား ဦးစားပေးဆောင်ရွက်စေပြီး စီမံခန့်ခွဲမှုများထားရှိရန်၊ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကာကွယ်ရေး၊ ရှေးဦးသူနာပြုစုခြင်းနှင့် အရေးပေါ်တုံ့ပြန်ခြင်းဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်သွားရန်၊

(စစ) အရေးပေါ်ဆေးသေတ္တာများကို လုပ်သားများလက်လှမ်းမီသည့်နေရာတွင် ထားရှိရန်၊ မတော်တဆ ထိခိုက်မှုများဖြစ်ပေါ်ပါက သက်ဆိုင်ရာအရေးပေါ်ဌာနများသို့ ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များကို အများမြင်သာသောနေရာများတွင် ချိတ်ဆွဲပေးထားရန်၊

(ဆဆ) မီးဘေးအန္တရာယ်ကာကွယ်ရန် ထားရှိသည့်မီးသတ်ဆေးဘူးများ၏ သက်တမ်းအား ပုံမှန်စစ်ဆေးရန်နှင့် ရေဂါလန် (၁၀,၀၀၀)

ဆုံ့ရေလှောင်ကန်နှင့် ခေတ်မီအလိုအလျောက် မီးသတ်နည်းစနစ်များအား ထားရှိရန်၊

(၈၉) မီးချိတ်၊ မီးကပ်များ၊ သဲများ ကြိုတင်ပြုလုပ်ထားရန်၊ အရေးပေါ် မီးငြိမ်းသတ်မည့် အစီအစဉ်များကို ကြိုတင်ပြုလုပ်ထားရှိရန်၊ အရေးပေါ်မီးဘေးဖြစ်ပါက ဆက်သွယ်နိုင်မည့်ဖုန်း နံပါတ်များကို မြင်သာသောနေရာများတွင် ကပ်ထားရန်။

(ည) **စွမ်းအင်စီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အခန်းများကို ပုံမှန်ပြုပြင်ထိန်းသိမ်းရန်၊ ဝန်ထမ်းများအား သင်ကြားပို့ချပေးရန်နှင့် ဧည့်သည်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် စွမ်းအင်သုံးစွဲမှုအား လျှော့ချသွားရန်၊

(၂) စွမ်းအင်စီမံခန့်ခွဲခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းရေးပြုလုပ်စဉ် လိုအပ်သည်များကို အကြောင်းကြားခြင်းဖြင့် ရေနှင့် စွမ်းအင်သုံးစွဲမှုကို လျှော့ချသွားရန်၊

(၃) အခန်းပြတင်းပေါက်များကို ပိတ်ထားခြင်းနှင့် လိုက်ကာများကာထားခြင်းဖြင့် အခန်းတွင်း မလိုအပ်သောနေရောင်ခြည်ဝင်ရောက်မှုကို တားဆီး၍ အပူချိန်ကို လျော့ကျစေခြင်းဖြင့် လေအေးပေးစက်သုံးစွဲမှုကို လျှော့ချခြင်းတို့ကို ဆောင်ရွက်ရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးနှင့်ပတ်သက်၍ စီမံကိန်းဧရိယာအတွင်းရှိ Reception နှင့် ကားပါကင်အနီးတွင် $PM_{10}$, $PM_{2.5}$, TSP, $NO_2$, $SO_2$, CO, $O_3$ ငွေ့ရည်ပြန်လွယ်သော ဓာတုဓာတ်ပေါင်း (TVOC)၊ ဖော်မယ်ဒီဟိုက် (HCHO) နှင့် $CO_2$ စသည့်ပါရာမီတာများအား တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) ရေအရည်အသွေးနှင့်ပတ်သက်၍ အများသုံးရေရယူသည့်နေရာတွင် Calcium, Hardness, Color, Conductivity, Dissolved Oxygen, Iron, pH, Salinity, Sodium Chloride, Total Chlorine, Total Nitrogen, Total Phosphorus, Total Suspended Solid, Turbidity စသည့်ပါရာမီတာများအား တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) ဆူညံသံနှင့်တုန်ခါမှုအား စီမံကိန်းဧရိယာအတွင်းရှိ Reception နှင့်ကားပါကင် အနီးတွင် တစ်နှစ်လျှင် (၂) ကြိမ်တိုင်းတာစစ်ဆေးရန်၊

(၄) စွန့်ပစ်ရေအရည်အသွေးအား မီးဖိုဆောင်နေရာတွင် BOD, COD, Oil and Grease, pH, Total Nitrogen, Total Phosphorus, Total Suspended Solids, Total Coliform စသည့်ပါရာမီတာများအား တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၅) စွန့်ပစ်အမှိုက်နှင့် အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ စီမံကိန်း ဧရိယာအတွင်း အမှိုက်ထွက်ရှိသည့်နေရာ၊ အမှိုက်ပုံးများနှင့် အမှိုက်ကန်များ စသည့်နေရာများတွင် နေ့စဉ်စောင့်ကြပ်ကြည့်ရှုရန်၊

(၆) စိုထိုင်းမှုအား ဧည့်ကြိုခန်းမ၊ စားဖိုဆောင်၊ Delux Villa, Jade Suite, Mangrove Suit, President Jade Suite နှင့် အဝတ်လျှော်ခန်းတို့တွင် တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၇) ဒေသမျိုးရင်းအပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ပတ်သက်၍ စီမံကိန်းဧရိယာ နှင့်အနီးပတ်ဝန်းကျင်ရှိ အပင်နှင့် တိရစ္ဆာန်များ၊ ဒီရေတောများအား တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၈) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် ပတ်သက်၍ Occupational Health and Safety (OHS) စံချိန်စံညွှန်းများနှင့်အညီ လစဉ် စောင့်ကြပ်ကြည့်ရှုရန်၊

(၉) အရေးပေါ်အခြေအနေနှင့်ပတ်သက်၍ စီမံကိန်းဧရိယာအတွင်း (၄) လလျှင် (၁) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်။

(၄) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(၃) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာန ဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်

သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလား ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဃ) **လျာထားအသုံးစရိတ်။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့် အစီအစဉ်ခွဲများ၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များအတွက် လုံလောက်သည့် ရန်ပုံငွေထားရှိ သုံးစွဲရန်နှင့် ယင်းရန်ပုံ ငွေနှင့်မလုံလောက်ပါက ထပ်မံကျခံသုံးစွဲရမည် ဖြစ်ပါသည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ခန့်မှန်းအသုံးစရိတ်အဖြစ် ငွေကျပ် (၁၀,၀၀၀,၀၀၀) အသုံးပြုရန်၊

(၂) ပတ်ဝန်းကျင်ဆိုင်ရာစောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ခန့်မှန်းအသုံး စရိတ်အဖြစ် ငွေကျပ် (၃,၅၀၀,၀၀၀) အသုံးပြုရန်၊

(၃) CSR လုပ်ငန်းများအတွက် အမြတ်ငွေ၏ (၂%) အားအသုံးပြုရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ပါစည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်း လဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ် ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းအဆိုပြုသူသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ စီမံကိန်း ကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝအကောင်အထည် ဖော်ရမည့်အပြင် ယင်း၏ကိုယ်စား စီမံကိန်းကိုဆောင်ရွက်ပေးသူ ကန်ထရိုက် တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးသည် စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်

နည်း၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝလိုက်နာ ဆောင်ရွက်ရန်၊

(၂) အစီရင်ခံစာတွင် ဖော်ပြထားသော ကတိကဝတ်များအား အပြည့်အဝ လိုက်နာ ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စီမံကိန်းအဆိုပြုသူ၏ မူဝါဒများ၊ စီမံကိန်းနှင့်သက်ဆိုင်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့ကို အစီရင်ခံစာတွင် ဖော်ပြထားမှုနှင့်အညီ လိုက်နာ ဆောင်ရွက်ရန်၊

(၃) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမှု လုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊

(၄) ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၅) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရန်၊ ပြန်လည်ထူထောင်ရန်နှင့် လူမှုကာကွယ်စောင့်ရှောက်မှုများကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များအား ဆောင်ရွက်ထားရှိရန်၊

(၆) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန်အတွက် အရင်းအမြစ်များအား စုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးပြီး အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်။

(၇) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရန် -

(ကက) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာ

အညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လဟာပြင် မီးရှို့ခြင်းလုပ်ငန်းများပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့် ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(ငင) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ် လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် –

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး

(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့် အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် အပိုဒ် ၁.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) သောက်သုံးရေအရည်အသွေးနှင့်ပတ်သက်၍ National Drinking Water Quality Standard , Myanmar (2014) နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဂ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဃ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု

အပေါ် ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(၄) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည်ဖော်သည့်ကာလတစ်လျှောက် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) ဒေသခံပြည်သူများ (Stakeholders) နှင့်စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) စီမံကိန်းလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ထိခိုက်နိုင်သည့်နေရာများတွင် ဒေသခံပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေး၍ ၎င်းတို့၏သဘောထားများ ရယူဆောင်ရွက်ရန်။

(င) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့်နေရာများတွင် ဒေသနှင့်ကိုက်ညီသည့်သစ်ပင်များပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များစိုက်ပျိုးရန်၊ အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တစ်ဖက်ဖော်ပြပါ ကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည် -

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော (သို့မဟုတ်) ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း (သို့မဟုတ်) ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများ ဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ စာဖြင့် အသိပေးရမည်။ ပျက်ကွက်မှုတစ်ခုခုကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု ဖြစ်လာနိုင်သည့်ကိစ္စ သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့်ကိစ္စကို (၂၄)နာရီအတွင်း လည်းကောင်း၊ အခြားကိစ္စများအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတားဆီးရန် သို့မဟုတ် လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ပြန်လည်သုံးသပ် ဆောင်ရွက်ရန်၊

မီးဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်များ၊ အရေးပေါ်ဘေးအန္တရာယ် ကာကွယ်ရေး စီမံချက်များအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက် သွားရမည်။

(ဈ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာ ရွက်စာတမ်း အထောက်အထားများ တင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုတို့ကို တင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများကို တင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များတင်ပြရန်၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို တင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။**

စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/ မြေအောက်ရှိ ရှေးဟောင်း

ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထု ပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြား ရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ် (CSR Activities) နှင့်စပ်လျဉ်း၍ လူမှုတာဝန်သိအစီအစဉ်အနေဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်း အနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများ (Stakeholders) များနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အများပြည်သူ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ် အစီ ရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေး ဖြန့်ဝေ အသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုး သက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက် မပြတ်ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်း များ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ

လက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများ အားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင် ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူ ထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့်အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့်သဘော တူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှ ဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင် ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြား

စုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေး ဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ဠ) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် လျာထားရန်ပုံငွေများကို စီမံကိန်းအဆင့်တစ်ခုချင်းစီအတွက်လည်းကောင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းအတွက် လျာထားရန်ပုံငွေများကိုလည်းကောင်း သီးခြားစီခွဲခြားဖော်ပြရန်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည် –

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်

ဆောင်ရွက်ခြင်းမပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ် တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို မူလ အတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်သိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ် ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟာစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏

ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---